## ခရစ်တော် ၏ ဒုတိယအကြိမ်ကြွလာခြင်း

ခရစ်တော်၏ ဒုတိယအကြိမ် ကြွလာခြင်းကို လူတိုင်းစိတ်ဝင်စားသည်။ လွန်ခဲ့သောနှစ်အနည်းငယ်တုန်းက လူတယောက်သည် သခင်ဘုရားကြွလာမည့်နေ့ရက်ကို သတ်မှတ်ခဲ့ဖူးသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၅ တုန်းက ယေရှုသည် ဤလောကသို့ ဆင်းကြွလာပြီး သူ၏ နိုင်ငံတော်ကိုတည်ထောင်ကာ ဤလောကကို နှစ်ပေါင်း တစ်ထောင်အုပ်စိုး မည်ဟူသော သွန်သင်ချက် သည် လူကြိုက်အများဆုံး ဘာသာရေးသွန်သင်ချက် တခု ဖြစ်ခဲ့သည်။ ဤသွန်သင်ချက်ကို "နှစ်ပေါင်းတထောင်အုပ်စိုးခြင်းကာလ "ဟုခေါ်သည်။ တရားဟောဆရာများစွာ တို့သည် ဤ ဩဝါဒ ကို သွန်သင်ကြသည်။ ဤသွန်သင်ချက်သည် သမ္မာကျမ်းစာ နှင့် အထောက်အထားများ ရှိပါသလား၊ သို့မဟုတ် လူ့ သွန်သင်ချက် လား။

## နှစ်ပေါင်းတထောင် အုပ်စိုး ခြင်းကာလ သည်အဘယ်သို့နည်း

ဤသွန်သင်ချက်က ပြောဆိုသည်မှာ ယေရှုသည် ပထမအကြိမ်ဤလောကသို့ ကြွလာသည့်အချိန်တွင်သူ၏ နိုင်ငံတော်ကို တည်ထောင်ရန် ကြံစည်ခဲ့သည်။ သို့သော် ဂျူးလူမျိုးများက ငြင်းပယ်သောကြောင့် နိုင်ငံတော်တည်ထောင် မည့်အစား အသင်းတော်ကို ယာယီ တည်ထောင်ခဲ့သည်ဟု ဆိုသည်။ ဤ နှစ်ပေါင်းတထောင်အုပ်စိုး ခြင်းကာလ ကို ဓမ္မာသစ် က လုံးဝငြင်းပယ်သည်။ အသင်းတော်သည် ယာယီအတွက် မဟုတ်ဘဲ ဘုရားသခင်၏ ထာဝရ အကြံအစည်တော်ဖြစ်သည် (ဖေက် ၃း၁၀-၁၁ )။

နှစ်ပေါင်းတထောင်အုပ်စိုးခြင်း ကို သွန်သင်သောသူတို့က အသင်းတော်နှင့် နိုင်ငံတော်သည် မတူ ဟု ပြောဆိုကြသည်။ ယေရှုသည် သူ့နိုင်ငံတော်ဖြစ်သော အသင်းတော် ကို တည်ထောင်ရန် ကတိပြုခဲ့သည် (မသဲ ၁၆း၁၈-၁၉ )။ သူ့ ကတိ ကို ပထမရာစု တွင် ပြည့်စုံစေပြီ ( တမန်တော် ၂း ၄၇၊ ကော ၁း၁၃ ၊ ဗျာ ၁း၉ )။

နှစ်ပေါင်းတထောင်အုပ်စိုးခြင်းကာလ အဖွဲ့က လည်း ယေရှုသည် ပြန်လည်ကြွလာမည်ဖြစ် ကြောင်း သွန်သင်သည်။ သူတို့က ခရစ်တော် မကြွလာခင် ထူးဆန်းသော နိမိတ်လက္ခဏာများစွာ ဖြစ်လာ မည်ဟု သွန်သင်သည်။ဤသွန်သင်ချက်က ဘုရားသခင်သည် ဓမ္မာဟောင်းထဲ၌ နိုင်ငံတော်တည်ထောင်ရန် ပရောဖက်ပြုချက်များသည် သူ၏ ပထမကြွလာချိန်တွင် ကြိုးစား၍ မအောင်မြင်ခဲ့ကြောင်း အဓိပ္ပါယ် သက်ရောက် ပါသည်။

နှစ်ပေါင်းတထောင် အုပ်စိုးခြင်းကာလသည် မှားယွင်းသော သွန်သင်ချက်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် က ထိုသွန်သင်ချက်ကို လက်မခံပါ။ ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်း နှင့် ပတ်သက်ပြီး သမ္မာကျမ်းစာက မည်ကဲ့သို့ သွန်သင်ထားကြောင်း လေ့လာကြည့်ကြပါစို့။

## ခရစ်တော်သည် ဒုတိယအကြိမ်ကြွလာမည်လော

ခရစ်တော်သည် ဒုတိယအကြိမ် ကြွလာမည်။ အောက်၌ဖော်ပြသောကျမ်းစကားများကိုဖတ်ရှုကြပါစို့။ "- *အိုဂါလိလဲလူတို့ အဘယ်ကြောင့် ကောင်းကင်သို့ကြည့်မျှော်လျက်နေကြသနည်း။ သင်တို့နှင့် ခွါ၍ ကောင်းကင်သို့ ဆောင်ယူခြင်းကို ခံတော်မူသော ထိုယေရှုသည်* ***သင်တို့မျက်မောက်၌ ကောင်းကင်သို့ ကြွသွားတော်မူသည့်နည်းတူ တဖန်ကြွလာတော်မူ လတံ့****ဟုပြောဆိုကြ၏* ( တမန်တော်၁း၁၁ )။ *လူသည် တခါတည်းသေ၍ ထိုနောက်မှ တရားစီရင်ခြင်းကို ခံရသကဲ့သို့ ထိုနည်းတူ ခရစ်တော်သည် လူများအပြစ်တို့ကို ခံခြင်းငှါ တခါတည်းကိုယ်ကို ပူဇော်ပြီးမှ နောက်တဖန်ထိုသခင်ကို မြော်လင့်လျက်နေသောသူတို့ကို ကယ်တင်ခြင်းအလို့ငှါ အပြစ်နှင့်မဆိုင်ဘဲ ပေါ်ထွန်းတော်မူလတံ့* (ဟေဗြဲ ၉း၂၇-၂၈ ) ။

## ခရစ်တော်သည် မည်သည့်အချိန်တွင် ပြန်လည်ကြွလာမည်နည်း

ဤမေးခွန်း၏ အဖြေကို ဤကမ္ဘာပေါ်ရှိ မည်သည့်လူသားတဦးတယောက်မျှ မသိပါ။ ခရစ်တော်ဒုတိယအကြိမ်ကြွလာသည့်အချိန် နာရီကိုပြောပြရန် မည်သည့် နိမိတ်လက္ခဏာ မျှ ပြမည်မဟုတ်ပါ။ ယေရှု မိန့်တော်မူသည်မှာ " *ထိုအချိန်နာရီကိုကား ခမည်းတော်မှ တပါး အဘယ်သူမျှမသိ၊ ကောင်းကင်တမန်များမသိ၊ သားတော်လည်းမသိ*" ( မာကု ၁၃း ၃၂ ) ။ "*သူခိုးသည် ညဉ့်အခါလာ သကဲ့သို့ ထာဝရဘုရား၏ နေ့ရက်သည် လာလိမ့်မည်။ ထိုနေ့ရက်၌ မိုးကောင်းကင်သည် ကြီးစွာသော အသံနှင့်တကွ ပျောက်သွားလိမ့်မည်။ လောကဓာတ်တို့သည် ပူအားကြီး၍ ပျက်လိမ့်မည်။ မြေကြီးကိုယ်မှစ၍ မြေကြီးပေါ်မှာ လုပ်သမျှတို့သည် ကျွမ်းလောင်လိမ့်မည်။* "( ၂ပေ ၃း၁၀ )။

## ခရစ်တော်ပြန်လည် ကြွလာသောအခါ မည်သည့်အမှု ကို ပြုမည်နည်း

ပထမ၌ သေလွန်သောသူတို့ကို ပြန်လည်ထမြောက်စေမည်။ " *ဤ အမှုအရာကို အံ့ဩခြင်း မရှိကြနှင့်။ သင်္ချိုင်းများမှာ ရှိသောသူ အပေါင်းတို့သည် သားတော်၏ စကားသံကို ကြား၍ ထွက်ရသော အချိန်ကာလ ရောက်လတံ့။ ကောင်းသော အကျင့်ကိုကျင့်သောသူတို့သည် အသက်ရှင်ရာ ထမြောက်ခြင်းသို့ငှင်း၊ ဆိုးယုတ်သောအကျင့် ကို ကျင့်သောသူတို့သည် အပြစ်စီရင်ရာ ထမြောက်ခြင်းသို့ ငှင်း ထွက်ရကြလတံ့* ( ယော ၅း ၂၈-၂၉ )။

ဒုတိယ၌ ခရစ်တော် ဒုတိယအကြိမ်ကြွလာသောအခါ တလောကလုံးကို တရားစီရင်မည်။ " *အကြောင်းမူကား ငါတို့ရှိသမျှသည် ကိုယ်ခန္ဓာ၌ကျင့်သော အကျင့် ကောင်းမကောင်း ရှိသည့်အတိုင်း အကျိုးအပြစ်ကို အသီးအသီးခံခြင်းငှါ ခရစ်တော်၏ တရာပလ္လင်ရှေ့ ၌ ပေါ်လာရကြမည်။* "( ၂ကော ၅း ၁၀ )။

တတိယ၌ ခရစ်တော် ဒုတိယ အကြိမ်ကြွလာသောအခါ နိုင်ငံတော်တည်ထောင်မည် မဟုတ်ဘဲ သူ့ အသင်းတော်တည်းဟူသော နိုင်ငံတော်ကို ခမည်းတော်ထံတွင်

ပြန်လည်အပ်နှင်းတော်မူ မည်။ “ *သို့ရာတွင် လူအသီးသီးတို့သည် မိမိတို့ အလှည့်အတိုင်းလိုက်ရကြလိမ့်မည်။ ခရစ်တော်သည် အဦးသီးသောအသီးဖြစ် တော်မူ၏။ ထို့နောက်ခရစ်တော်သည် ကြွလာတော်မူသောအခါ တပည့်တော်ဖြစ်သော သူတို့သည် ရှင်ခြင်းသို့ ရောက်ကြလိမ့်မည်။ ထိုအခါခရစ်တော်သည် အထွဋ်အမြတ် အာဏာတန်ခိုးအမျိုးမျိုးကို ပယ်ရှင်း၍ မိမိနိုင်ငံကို ဘုရားသခင်တည်းဟူသော ခမည်းတော်၌ အပ်ပြန်တော်မူပြီးမှ ကမ္ဘာကုန်ရလတံ့*” (၁ကော ၁၅း ၂၃-၂၄ )။

စတုတ္ထ၌ ခရစ်တော် ဒုတိယအကြိမ်ကြွလာသောအခါ သေလွန်သောသူတို့ သည် မသေနိုင်သော ခန္ဓာကိုယ်နှင့် ရှင်ပြန်ထမြောက်ပြီး ထာဝရကာလ သည်အစပြုမည်ဖြစ်သည်။ နှစ်ပေါင်းတထောင်အုပ်စိုး ခြင်းကာလကို သွန်သင်သောသူတို့က သေလွန်သောသူတို့၏ ထမြောက်ခြင်းသည် နှစ်ကြိမ်ထက်မက ရှိသည်ဟု သွန်သင်နေကြသော်လည်း သမ္မာကျမ်းစာကမူ ယေရှုခရစ်တော် ဒုတိယအကြိမ် ကြွလာသောအခါ တကြိမ်သာထမြောက်မည် ဖြစ်ကြောင်းသွန်သင်ပါသည်။ သေလွန်သောသူတို့သည် တကြိမ်တည်းသာ ထမြောက်မည်ဖြစ်ကြောင်း ဤ ကျမ်းစကား ကို သေချာစွာ ဖတ်ရှုကြပါစို့။ “ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူ ရှိသမျှတို့သည် သေခြင်းမှ ထမြောက်ကြလိမ့်မည်ဟူ၍ သူတို့မြော်လင့်သည့်နည်းတူ အကျွန်ုပ်လည်း ဘုရားသခင်ကို အမှီပြု၍ မြော်လင့်ပါ၏။ ( တမန်တော် ၂၄း၁၅ ၊ ယော ၅း ၂၈-၂၉ )။

ပဉ္စမ ၌ ခရစ်တော်ဒုတိယ အကြိမ်ကြွလာသောအခါ ဤကမ္ဘာမြေကြီးကို ဖျက်ဆီးမည်။ ထို့ကြောင့် နှစ်ပေါင်းတထောင်အုပ်စိုး ခြင်းကာလ ကို သွန်သင်သူတို့၏ သွန်သင်သည့် အတိုင်း ခရစ်တော်သည် ဤမြေကြီး ကို အုပ်စိုးနိုင်ရန် နေရာမရှိပါ။ မြေကြီးကိုယ်မစ၍ မြေကြီးပေါ်မှာ လုပ်သမျှတို့သည် ဘုရားသခင်ဖျက်ဆီးတော်မူမည် ( ၂ပေ ၃း ၇၊၁၀၊၁၂ )။

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်က ယေရှုသည် ဤလောက သို့ ကြွလာခဲ့သည်။ သူသည် ဒုတိယအကြိမ် ပြန်လည်ကြွလာမည်။ ထို့ကြောင့် သစ္စာရှိသော ခရစ်ယာန်များသည် ပျက်စီးလို့နီးပါးဖြစ်နေသော ဤလောကရှိ ပျောက်ဆုံးဝိညာဉ်များထံသို့ ဧဝံဂေလိသတင်းကောင်း ဟောပြောရန် လုပ်စရာများစွာရှိသည်။ သင်သည် အဘယ်သို့နည်း။ သင်သည် သခင်ဘုရားကြွလာရန် အဆင်သင့်ဖြစ်ပြီလား။ သင်သည် တရားစီရင်ခြင်း၌ သခင်ဘုရားနှင့် တွေ့ဆုံရန် ပြင်ဆင်ထားပြီလား။ ပြင်ဆင်ထားခြင်းမရှိသေးပါက ယခု ပြင်လျှင် ဧဝံဂေလိ သတင်းကောင်းကို နာခံလိုက်ပါ။ (မာကု ၁၆း၁၆ )။


**လောကအတွက် သမ္မာတရား**

Truth For The World.

truthfortheworld.org


info@tftw.org

P.O. Box 241, Bethel Springs, TN 38315

U.S.A.



This work is licensed under a Creative Commons Attribution-NonCommercial-NoDerivs 3.0 Unported License

# ခရစ်တော် ၏ ဒုတိယအကြိမ်ကြွ လာခြင်း